MYANMAR ENGINEERING SOCIETY

# မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း
# အင်ဂျင်နီယာ သတင်းလွှာ

သတင်းနှင့် ပြန်ကြားရေးကော်မတီမှ ထုတ်ဝေသည်။

MYANMAR ENGINEERING SOCIETY

အတွဲ ၁၊ အမှတ် ၁၁ | အင်ဂျင်နီယာစွမ်းအား ပြည်ထွန်းကား | ဇန်နဝါရီလ၊ ၂၀၁၉။

## MES လှုပ်ရှားမှုသတင်းများ




**ဒီဇင်ဘာလ(၁)ရက်**နေ့က MES Function Hall တွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ၂၀၁၉-၂၀၂၀ ခုနှစ် ဗဟိုကော်မတီအသစ်အတွက် လက်ရှိ ဗဟိုကော်မတီဝင်များထဲမှ (၃)ပုံ (၁)ပုံ ရွေးချယ်ခြင်း ပြုလုပ်ခဲ့စဉ်။

**ဒီဇင်ဘာလ(၅/၆)ရက်**နေ့များက စင်္ကာပူနိုင်တွင် ကျင်းပသော "Focus Group Discussion on Mapping of R & D on Renewable Energy Technologies & Policies in ASEAN" သို့ E&RE GS, CC ဦးအောင်သက်ပိုင် တက်ရောက်ပါသည်။




**ဒီဇင်ဘာလ(၈)ရက်**နေ့က ကလေးမြို့တွင် ကျင်းပပြုလုပ်သော မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ စစ်ကိုင်းတိုင်း ဒေသကြီးအသင်းခွဲ (ကလေး) နှစ်ပတ်လည် အသင်းသားစုံညီ ညီလာခံသို့ နာယက ဒေါက်တာချာလီသန်း၊ ဥက္ကဋ္ဌ ဦးအောင်မြင့်၊ VP ဦးကိုကိုကြီး၊ VP ဒေါက်တာခင်စန္ဒာထွန်း၊ GS ဦးတင်လတ် နှင့် JGS ဦးဝင်းမောင်တို့ တက်ရောက်ခဲ့စဉ်။

**မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၏ အသင်းသားများအား အခမဲ့ဖြန့်ဝေသည်။**

## အင်ဂျင်နီယာသတင်းလွှာ

**တာဝန်ခံအယ်ဒီတာ**
ဦးမြင့်အောင်

**အကြံပေးပုဂ္ဂိုလ်များ**
တက္ကသိုလ်မိုးဝါ
ဦးမြင့်ဖေ

**အယ်ဒီတာအဖွဲ့ဝင်များ**
ဦးစိုး
ဦးမြင့်စိုး

**ဖြန့်ချိရေး နှင့် အပြင်အဆင်**
ဦးလှမြင့်

**ကွန်ပျူတာစာစီ + ဓာတ်ပုံထုတ်**
ဒေါ်မေမြတ်သန္တာဝင်း

**ထုတ်ဝေသူလိပ်စာ**
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း
တက္ကသိုလ်များလှိုင်နယ်မြေ၊
လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

**တယ်လီဖုန်း**
၀၉ ၄၂၅ ၀၂၃ ၃၄၀

**အီးမေးလ်**
tdm.mes@gmail.com

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း
သတင်းနှင့်ပြန်ကြားရေး
ကော်မတီက စီစဉ်၍
အခမဲ့ဖြန့်ဝေပါသည်။

**စောင်ရေ(၅၀၀)**
**၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ**





**ဒီဇင်ဘာလ(၁၀)ရက်**နေ့က ဟားခါးမြို့တွင် ကျင်းပပြုလုပ်သော မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ ချင်းပြည်နယ်အသင်းခွဲ (ဟားခါး) နှစ်ပတ်လည် အသင်းသားစုံညီ ညီလာခံသို့ နာယကဒေါက်တာချာလီသန်း၊ ဥက္ကဋ္ဌ ဦးအောင်မြင့်၊ VP ဦးကိုကိုကြီး၊ VP ဒေါက်တာခင်စန္ဒာထွန်း၊ GS ဦးတင်လတ်နှင့် JGS ဦးဝင်းမောင် တို့တက်ရောက်ခဲ့စဉ်။

**ဒီဇင်ဘာလ(၁၁)ရက်**နေ့က နေပြည်တော် သင်္ဂဟဟိုတယ်တွင် ကျင်းပသော လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာန၏ “Natural Gas Master Plan in Myanmar” အခမ်းအနားသို့ E&RE GS, CC ဦးအောင်သက်ပိုင် တက်ရောက်ပါသည်။

**ဒီဇင်ဘာလ(၁၂)ရက်**နေ့က နေပြည်တော် စက်မှုဝန်ကြီးဌာနတွင် ကျင်းပသော UNIDO ၏ Industrial Energy Efficiency Project Steering Committee အစည်းအဝေးသို့ E&RE GS, CC ဦးအောင်သက်ပိုင် တက်ရောက်ပါသည်။

**ဒီဇင်ဘာလ(၁၄)ရက်**နေ့က မြန်မာ့အသံတွင် ပြုလုပ်သော Sunday Talk သို့ ဥက္ကဋ္ဌ ဦးအောင်မြင့် တက်ရောက်ခဲ့ပါသည်။



**ဒီဇင်ဘာလ(၁၅)ရက်**နေ့က Sky Star Hotel တွင် ပြုလုပ်သော မြန်မာနိုင်ငံအင်ဂျင်နီယာ အသင်းနှင့် မြန်မာနိုင်ငံလိုင်စင်ရကန်ထရိုက်တာ အသင်းချုပ်တို့ နှစ်ဖက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲသို့ ဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် အတူ VP များ၊ GS၊ JGS များနှင့် ဗဟိုအလုပ် အမှုဆောင် ကော်မတီဝင်များ တက်ရောက် ခဲ့စဉ်။









**ဒီဇင်ဘာလ(၁၅)ရက်**နေ့က MES Function Hall တွင် "Opening Ceremony of QMC Training & Ceremony of ISO 9001:2015 Certificate Conferring to MES" ပြုလုပ်ခဲ့ရာ ဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် ဗဟိုကော်မတီဝင်များတက်ရောက်ကြကာ ဥက္ကဋ္ဌမှ အဖွင့်အမှာစကား ပြောကြားပြီး ISO Certificate အားလက်ခံရယူခဲ့စဉ်။

**ဒီဇင်ဘာလ(၁၆)ရက်**နေ့က World Bank Office Yangon မှ General Dam Safety Training & PFMA Workshop အား နေပြည်တော်တွင် ကျင်းပပြုလုပ်နိုင်ရန်အတွက် Logistic Support ပေးရန် ညှိနှိုင်းအစည်းအဝေးသို့ JGS ဦးစိုးမြင့် တက်ရောက်ခဲ့ပါသည်။




**ဒီဇင်ဘာလ(၁၇)ရက်**နေ့ နေ့လည်(၂)နာရီက MICT Park အဆောင်(၉) မြေညီထပ်ရှိ ကွန်ပျူတာလုပ်ငန်းရှင်များအသင်း၊ အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဗဟိုကော်မတီရွေးချယ်တင်မြှောက်ရေးကော်မရှင်/အထောက်အကူပြုကော်မတီနှင့်မြန်မာနိုင်ငံကွန်ပျူတာပညာရှင်များအသင်းတို့သည် Online Voating System စနစ်ဖြင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဗဟိုကော်တီဝင်များ ရွေးချယ်တင်မြှောက်ရေးအတွက် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ကြစဉ်။

**ဒီဇင်ဘာလ(၂၅)ရက်**နေ့က ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ကျင်းပပြုလုပ်သော "Lecture on IWRM and Dam Safety giving by World Bank Water Resources Specialist Dr. Ohn Myint organized by NEPS" သို့ CEC ဦးလှဘော် တက်ရောက်ခဲ့ပါသည်။

**ဒီဇင်ဘာလ(၂၆)ရက်**နေ့ကတောင်ကြီးမြို့တွင်ကျင်းပပြုလုပ်သောမြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ရှမ်းပြည်နယ်အသင်းခွဲ(တောင်ကြီး)နှစ်ပတ်လည် အသင်းသားစုံညီ ညီလာခံသို့ နာယကဒေါက်တာချာလီသန်း၊ ဥက္ကဋ္ဌ ဦးအောင်မြင့်၊ VP ဦးကိုကိုကြီး၊ GSဦးတင်လတ်နှင့် JGS ဦးဝင်းမောင်တို့ တက်ရောက်ပါသည်။

**ဒီဇင်ဘာလ(၂၈)ရက်**နေ့က M.Eng.C. တွင် ပြုလုပ်သော 5th M.Eng.C. Founding Anniversary Ceremony သို့ MES ဥက္ကဋ္ဌ ဦးအောင်မြင့် နှင့် ဗဟိုကော်မတီဝင်များ တက်ရောက်ခဲ့ပါသည်။

**ဒီဇင်ဘာလ(၃၀)ရက်**နေ့က စီမံကိန်းဧရိယာ၊ ပြည်တော်သစ်အိမ်ရာ စီမံကိန်း၊ ပုဇွန်တောင်မြို့နယ်တွင် ပြုလုပ်သော ပြည်တော်သစ်အိမ်ရာ ပြန်လည်ဖွံ့ဖြိုးရေးစီမံကိန်း မင်္ဂလာပိုင်တိုင် စိုက်ထူခြင်း မင်္ဂလာအခမ်းအနားသို့ VP ဦးလင်း၊ VP ဦးကိုကိုကြီးနှင့် JT ဦးကြည်လွင် တို့တက်ရောက်ခဲ့ကြပါသည်။

## စာတမ်းဖတ်ပွဲများ

**ဒီဇင်ဘာလ(၇)ရက်**နေ့က Dulwich College Yangon တွင် ကျင်းပပြုလုပ်သော ရန်ကုန်မြို့သစ်ဖွံ့ဖြိုးရေး ကုမ္ပဏီလီမိတက် (New Yangon Development Company Ltd – YCDC) ၏ ရန်ကုန်မြို့သစ်စီမံကိန်း Master Plan ပထမအဆင့် အလုပ်ရုံ ဆွေးနွေးပွဲသို့ VP ဦးခင်မောင်ဌေး၊ CEC ဦးခင်မောင်မောင်နှင့် CEC ဦးစန်းကြူတို့ တက်ရောက်ခဲ့ပါသည်။




**ဒီဇင်ဘာလ(၈)ရက်**နေ့က MES Conference Room တွင် “Seminar on Youth & Career” ပြုလုပ်စဉ်။

**ဒီဇင်ဘာလ(၈)ရက်**နေ့က MES Function Hall တွင် MES, I.E.M Company Ltd. နှင့် Schneider Electric Myanmar တို့မှ ပူးပေါင်း စီစဉ်သော "Technical Seminar for Busway Trunking System & EcoStruxure Building” ခေါင်းစဉ်ဖြင့် ဟောပြောပွဲ ပြုလုပ်စဉ်။










**ဒီဇင်ဘာလ(၈)ရက်**နေ့က MES Function Hall wGif Road & Bridge TD မှ ကြီးမှူးစီစဉ်သော "Modern Technology in Bituminous Pavement Construction and Maintenance” ခေါင်းစဉ်ဖြင့် U Tha Kyaw Zan, B.E (Civil), Post Graduate Diploma in Pavement Material Engineer (University of Nottingham, UK), P.E (Construction) [Deputy Porject Manager, GMS EWEC Eindu to Kawkareik Road Improvement Project (ADB), Pyunghwa Engineering Consultants in Association with Korea Expressway Corporation and CRD-CC Myanmar] မှ ဟောပြောပွဲ ပြုလုပ်ခဲ့စဉ်။

**ဒီဇင်ဘာလ(၁၄)ရက်**နေ့က MES Function Hall တွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန၊ JICA (Myanmar)၊ SUZUKI (Myanmar) Motor Co.,Ltd. နှင့် Giant Leap International (Japan) တို့မှ ပူးပေါင်း စီစဉ်သော “EDU-Port Japan 2018 Certified Project Seminar on Automotive Service & Maintenance” ဟူသော ခေါင်းစဉ်ဖြင့် ဟောပြောပွဲ ပြုလုပ်စဉ်။



**ဒီဇင်ဘာလ(၁၄)ရက်**နေ့က နေပြည်တော် သင်္ဂဟဟိုတယ်တွင် ကျင်းပပြုလုပ်သော အမျိုးသားမြို့ပြညီလာခံ အကြိုအလုပ်ရုံ ဆွေးနွေးပွဲ၊ အမျိုးသားမြို့ပြဝါဒ (National Urban Policy) ချမှတ်နိုင်ခြင်း၊ UN-Habitat အကူအညီဖြင့် ပြုစုရေးသား ထားသည့် National Housing Policy White Paper နှင့် National Housing Policy and Strategy စာအုပ်များ ဖြန့်ဝေ ရှင်းလင်းခြင်း အလုပ်ရုံဆွေးနွေးပွဲသို့ CEC ဦးခင်မောင်မောင် တက်ရောက်ခဲ့ပါသည်။

**ဒီဇင်ဘာလ(၂၂)ရက်**နေ့က MES Function Hall တွင် Water Supply & Sanitation Engineering TD မှကြီးမှူးစီစဉ်သော “Small to Medium Scales Sanitation Solution” ခေါင်းစဉ်ဖြင့် U Khin Maung Yi, B.E (Civil) RIT [MES CC & National Sanitary Consultants, UNs, INGOs & NGOs-MMR) မှာ ဟောပြောပွဲ ပြုလုပ်ခဲ့ပါသည်။






**ဒီဇင်ဘာလ(၂၂)ရက်**နေ့က MES Function Hall တွင် Electrical Power Engineering TD မှ စီစဉ်သော လျှပ်စစ်စွမ်းအား အင်ဂျင်နီယာဘာသာရပ်ဆိုင်ရာ (i) “Technical Specifications and Related Implications on Project Management” ခေါင်းစဉ်ဖြင့် ဦးအောင်ကျော်ဖေ B.E (EP), M.E (EP), P.E-Electrical Power, ACPE-Electrical Power [M.E.P.E (20 years)][consultant in Singapore] နှင့် (ii) ဦးခင်မောင်ဦး B.E (EP), PE-Electrical (B.S), PE-Electrical Power, Asia Myanmar Shining Star Co., Ltd., Consultant Engineer (EP) တို့မှ ဟောပြောပွဲ ပြုလုပ်ခဲ့စဉ်။

**ဒီဇင်ဘာလ(၃၀)ရက်**နေ့ တနင်္ဂနွေနေ့က MES Function Hall တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းတို့ ပူးပေါင်း စီစဉ်သော "Expected Economic Return Related to 4 Markets and Infrastructure Development and Technical Aspect of Slope Stabilization in Using Soil Nail and Ground Anchor (Kyeik Than Lan Pagoda Hill - Mawlamyaing" ခေါင်းစဉ်ဖြင့် (၁) ဦးကျော်လင်း၊ ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန (၂) ဦးနေအောင်ရဲမြင့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန (၃) ဒေါက်တာဉာဏ်မြင့်ကျော်၊ ပါမောက္ခ၊ ဌာနမှူး၊ ရန်ကုန် နည်းပညာတက္ကသိုလ် (၄) ဒေါက်တာယုမောင်၊ Visiting Professor ရန်ကုန်နည်းပညာတက္ကသိုလ် တို့မှ ဟောပြောပွဲ ပြုလုပ်ခဲ့ပါသည်။

**ဒီဇင်ဘာလ(၃၀)ရက်**နေ့ တနင်္ဂနွေနေ့ကMES Function Hall wGif Air-Con & Refrigeration TD မှစီစဉ်သည့် “ROLES AND RESPONSIBILITIES OF M&E ENGINEERS, M&E COORDINATIORS AND M&E RE^RTO” ခေါင်းစဉ်ဖြင့် Engr. Nay Myo Tin, B.E (Mechanical) Y.E.T, M.Sc (Mech. Engg) N.U.S, P.E (Mechanical, B.S), Spec DIP (DfMA) BCA မှဟောပြောပွဲ ပြုလုပ်ခဲ့ပါသည်။

**ဒီဇင်ဘာလ(၃၀)ရက်**နေ့ တနင်္ဂနွေနေ့က MES Conference Room တွင် Young Engineer Committee မှ စီစဉ်သော "Introduction to the building standard law of Japan, Coordination points to take note in CSD (Combined Services Drawing)" ခေါင်းစဉ်ဖြင့် U Kyaw Myo Oo, B.E (Mechanical) Mandalay Technological University, M.E (Mechanical), Tokyo Institute of Technology), Shimizu Corporation, Japan မှ ဟောပြောပွဲ ပြုလုပ်ခဲ့ပါသည်။

# သင်တန်းများ




**ဒီဇင်ဘာလ(၁၅/၁၆)ရက်**နေ့များက MES Function Hall တွင် "Awareness Training on Quality Management Standard ISO 9001:2015 and Environmental Management Standard ISO 14001:2015" ပြုလုပ်ခဲ့စဉ်။




**ဒီဇင်ဘာလ(၁၅)ရက်**နေ့က MES Training Room 2 တွင် M & E Training ပြုလုပ်ခဲ့စဉ်။



**ဒီဇင်ဘာလ(၁၇)ရက်**နေ့က Conference Room တွင် AWE Training ဖွင့်ပွဲပြုလုပ်ခဲ့ပြီး မြေညီထပ်တွင် အမှတ်တရ ဓာတ်ပုံရိုက်ခဲ့စဉ်။




**ဒီဇင်ဘာလ(၁၇)ရက်**နေ့က Seminar Room တွင် AWE Training ပြုလုပ်ခဲ့စဉ်။



**ဒီဇင်ဘာလ(၁၇)ရက်**နေ့က Function Hall တွင် MES ငလျင်ကော်မတီနှင့် မြန်မာ့ ကြက်ခြေနီအဖွဲ့တို့ ပူးပေါင်း၍ သင်တန်းတစ်ရပ်ပြုလုပ်ခဲ့စဉ်။



**ဒီဇင်ဘာလ(၁၈)ရက်**နေ့က Function Hall တွင် Closing Ceremony of 1/2018 STCC Training ပြုလုပ်ခဲ့စဉ်။




**ဒီဇင်ဘာလ(၁၈)ရက်**နေ့က Seminar Room တွင် AWE Training ပြုလုပ်ခဲ့စဉ်။

## အစည်းအဝေးများ




**ဒီဇင်ဘာလ(၁)ရက်**နေ့က MES Function Hall တွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း စတုတ္ထသုံးလပတ် ဗဟိုကော်မတီအစည်းအဝေးနှင့် စတုတ္ထသုံးလပတ် ဗဟိုကော်မတီဝင်များနှင့် MES Chapter များညှိနှိုင်း အစည်းအဝေး ပြုလုပ်ခဲ့စဉ်။




**ဒီဇင်ဘာလ(၃)ရက်**နေ့က MES Conference Room တွင် "Meeting between U Aung Myint (President, MES) and Ambassador of Israel" ပြုလုပ်ခဲ့စဉ်။




**ဒီဇင်ဘာလ(၁၄)ရက်**နေ့က MES တွင် Viet Expo နှင့်ပတ်သက်သည့် အစည်းအဝေး ပြုလုပ်ခဲ့စဉ်။




**ဒီဇင်ဘာလ(၁၈)ရက်**နေ့က MES Conference Room တွင် Meeting between MES & ZKB to discuss on ZKB BOT ပြုလုပ်ခဲ့စဉ်။




**ဒီဇင်ဘာလ(၁၉)ရက်**နေ့က MES Conference Room တွင် MICEG Office Bearer Meeting ပြုလုပ်ခဲ့စဉ်။



**ဒီဇင်ဘာလ(၂၀/၂၈)ရက်**နေ့များက MES Meeting Room 1 တွင် WASTAN TD, Special Project Committee & TWG 5 Meeting ပြုလုပ်ခဲ့စဉ်။

**ဒီဇင်ဘာလ(၂၃)ရက်**နေ့က NSSA Office (Yankin) တွင် ပြုလုပ်သော မော်တော်ယာဉ်စက်ပြင်အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု "စံ" (မူကြမ်း) အပေါ်သုံးသပ်ခြင်း အစည်းအဝေးသို့ VP ဦးအုန်းမြင့်နှင့် CEC ဦးမြင့်ဖေ တို့တက်ရောက်ပါသည်။

## အထွေထွေ

# အသင်းသားများ၏
# တာဝန်ဝတ္တရားများ နှင့် အကျိုးခံစားခွင့်များ

### တာဝန်ဝတ္တရားများ

(က) အသင်းသားများသည် နှစ်စဉ်ကြေးများကို သတ်မှတ်ထားသည့် ကာလအတွင်းပေးသွင်းရမည်။

(ခ) အသင်းမှသတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို အစဉ်လိုက်နာရမည်။

(ဂ) အသင်းကအခါအားလျော်စွာ ပေးအပ်သောတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရမည်။

(ဃ) အသင်း၏အကျိုးကျေးဇူးကို ထိခိုက်စေမည့် သင်းကွဲဂိုဏ်းကွဲ ထူထောင်ခြင်း မပြုလုပ်ရ။

(င) ဗဟိုကော်မတီဝင်၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များသည် (မိမိကိုယ်ရေးကိုယ်တာကိစ္စမှအပ) အသင်း၏ ကိစ္စများတွင် လျှို့ဝှက်မထားရ။

### အကျိုးခံစားခွင့်

(က) အင်ဂျင်နီယာနှင့်ဗိသုကာပညာရပ်များတိုးတက်စေရန် ပြည်တွင်းပြည်ပ ပညာရှင်များအားအခါအားလျော်စွာ ဖိတ်ခေါ် အထောက်အကူပြု နည်းပညာရပ်များဆိုင်ရာ နှီးနှောပွဲများ ညှိနှိုင်းပွဲများနှင့်သင်တန်းဖွင့်လှစ်သင် ကြားခွင့်ရရှိမည်။

(ခ) အခါအားလျော်စွာအင်ဂျင်နီယာနှင့်ဗိသုကာပညာရပ်ဆိုင်ရာ သတင်းများ၊ စက်မှုလက်မှု နည်းပညာစနစ်များစသည့် ဗဟုသုတများကို သိခွင့်ရကြမည်။

(ဂ) သက်ဆိုင်ရာ ဗဟိုကော်မတီ၏ တာဝန်ပေးချက်အရ ပညာရပ်အသင်းခွဲများတွင်လည်းကောင်း၊ ရေးရာကော်မတီ များတွင်လည်းကောင်း ပါဝင်ဆောင်ရွက်ခွင့်ရှိသည်။

(ဃ) အသင်းနာယက၊ ဂုဏ်ထူးဆောင်အသင်းသား၊ ကုမ္ပဏီအသင်းသား ကိုယ်စားလှယ်၊ အငယ်တန်းအသင်းသား၊ ကျောင်းသားအသင်းသား၊ အရန်အသင်းသားများသည် အသင်းသားစုံညီ ညီလာခံတွင် တက်ရောက်ဆွေးနွေး နိုင်ခွင့်ရှိသည်။ သို့သော် မဲပေးနိုင်ခွင့်မရှိစေရ။ ထို့အတူဗဟိုကော်မတီ အစည်းအဝေးများသို့လည်း ဥက္ကဋ္ဌ၏ ဖိတ်ခေါ်ချက်အရ တက်ရောက်ဆွေးနွေးနိုင်ခွင့်ရှိသည်။ သို့သော်မဲပေးနိုင်ခွင့်မရှိစေရ။ တွဲဖက်အသင်းသား (Associate Member) နှင့် အသင်းသား (Member)၊ အကြီးတန်းအသင်းသား(Fellow) များသည်သာ အသင်းသားစုံညီ ညီလာခံတွင် မဲဆန္ဒပေးခွင့်ရှိသည်။

(င) တွဲဖက်အသင်းသားသည် ၎င်းအမည်နောက်တွင် (A.M.MES)ကိုလည်းကောင်း၊ အသင်းသားသည် ၎င်းအမည် နောက်တွင် (M.MES) ကို လည်းကောင်း၊ အကြီးတန်းအသင်းသားသည် ၎င်း အမည်နောက်တွင် (F.MES) ကိုလည်းကောင်း၊ ဂုဏ်ထူးဆောင်အသင်းသားသည် ၎င်းအမည်နောက်တွင် (Hon.M.MES) ကိုလည်းကောင်း၊ ဂုဏ်ထူးဆောင်အကြီးတန်းအသင်းသား(Hon.Fellow.MES)ကိုလည်းကောင်း၊ ထင်ရှားကျော်ကြားသော ဂုဏ်ထူးဆောင်အကြီးတန်းအသင်းသားသည် ၎င်း၏အမည်နောက်တွင် (Dist. Hon.Fellow.MES) ကို လည်းကောင်း တရားဝင် ရေးသားသုံးစွဲခွင့် ရှိရမည်။

### ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာ ၃၁ ရက်နေ့အထိ အသင်းဝင်စုစုပေါင်း ၆၃၃၅၇ ဦး

| | | | |
|---|---|---|---|
| Life Member | ၆၇ ဦး | Fellow Member | ၁၂၂ ဦး |
| Member | ၉၇၁၉ ဦး | Associate | ၆၇၈၅ ဦး |
| Junior | ၂၃၂၂၁ ဦး | Student | ၂၂၅၆၆ ဦး |
| Affiliate | ၂၈၇၇ ဦး | CMC | ၃၂၁ ခု |